# ဇင်းမယ်ပဏ္ဏာသလာ သုဓနုကုမာရဇာတ်
# စာပေများလေ့လာချက်

ပါရဂူ (Ph D) ဘွဲ့အတွက် တင်သွင်းသောကျမ်း

မနွယ်နီတင်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ။

# ကျမ်းအကျဉ်းချုပ်

ဇင်းမယ်ပဏ္ဏာသလာ သုဓနကုမာရဇာတ်စာပေများလေ့လာချက်ကျမ်းကို ပါရဂူဘွဲ့ (မြန်မာစာ) အတွက် ကျမ်းတစ်စောင်ပြုစုပါသည်။ အခန်းပေါင်း (၄)ခန်းနှင့် ခြုံငုံသုံးသပ်ချက်တစ်ခန်းဖြင့် ပြုစုထားပါသည်။

အခန်း (၁)တွင် ဇင်းမယ်ပဏ္ဏာသကျမ်းနှင့်ပတ်သက်၍ မြန်မာစာပေနယ်ပယ်သို့ ဇင်းမယ်ပဏ္ဏာသရောက်ရှိခြင်း၊ မြန်မာစာပေနယ်ပယ်တွင် ဇင်းမယ်ပဏ္ဏာသ၏အခန်းကဏ္ဍ၊ ဇင်းမယ်ပဏ္ဏာသကျမ်း လာဇာတ်များကို အခြေခံသောစာပေများ၊ သုဓနကုမာရဇာတ် အခြေခံသောစာပေများဟူ၍ လေ့လာတင်ပြထားပါသည်။

အခန်း (၂)တွင် ဇင်းမယ်ပဏ္ဏာသကျမ်းလာ သုဓနကုမာရဇာတ်အခြေခံသော စာပေများကို အကြောင်းအရာပိုင်းအရ လေ့လာခြင်းဖြစ်သည်။ ပျို့စာပေအဖွဲ့ဖြစ်သော မနော်ဟရီပျို့နှင့် သူဇာပျို့၊ ရကန်စာပေအဖွဲ့ဖြစ်သောငွေတောင်ရကန်၊ ပြဇာတ်စာပေအဖွဲ့ဖြစ်သော ဦးဘိုးလှ၏ပြဇာတ်နှင့် ရွှေမန်းကျော်စိန်၏ပြဇာတ်များ၏ မူရင်းနှင့်တူညီသောအချက်များ မတူညီသောအချက်များ စာဆိုတို့၏ လက်ရာအကဲဖြတ်ခြင်းတို့ဖြင့် လေ့လာတင်ပြထားပါသည်။

အခန်း (၃)တွင် ဇင်းမယ်ပဏ္ဏာသလာသုဓနကုမာရဇာတ် အခြေခံသော စာပေများ၏ အရေးအဖွဲ့ပိုင်းလေ့လာချက်ဖြစ်သည်။ မနော်ဟရီပျို့၊ သူဇာပျို့၊ ငွေတောင်ရကန်၊ ဦးဘိုးလှ၏ပြဇာတ်၊ ဇာတ်ဆရာရွှေမန်းကျော်စိန်၏ပြဇာတ်များ၏ အရေးအဖွဲ့စွမ်းရည်ကို လေ့လာတင်ပြထားပါသည်။

အခန်း (၄)တွင် ဇင်းမယ်ပဏ္ဏာသလာ သုဓနကုမာရဇာတ်သည် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများအပေါ် လွှမ်းမိုးမှုလေ့လာချက်ဖြစ်ပါသည်။

အခန်း (၅) ခြုံငုံသုံးသပ်ချက် ဖြစ်ပါသည်။